မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၅] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ**

**(National Payment System Governing Committee)** ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းရာတွင် ငွေပေးချေမှုအပိုင်း၌ ငွေပေးချေမှုအခြေခံအဆောက်အအုံများ၊ နည်းလမ်းများနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လုံခြုံမှုတည်ငြိမ်မှုနှင့် စွမ်းရည်ပြည့်ဝမှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့နှင့်ပြည့်စုံသော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ပေါ်ပေါက်လာစေရေး၊ ငွေသားသုံးစွဲမှုလျှော့ချစေရေးနှင့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် ဒီဂျစ်တယ်ငွေပေးချေမှုများ ပိုမိုသုံးစွဲစေရေးကို မဟာဗျူဟာအဆင့်တွင် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်မှူးချုပ် မြတ်မင်းဦး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | တပ်ဖွဲ့မှူး<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့်<br>စာရင်းရှင်းလင်းမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အတွင်းရေးမှူး |

၂။ နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီတွင် ပါဝင်သော ဝန်ကြီးဌာန၊ ဦးစီးဌာနအလိုက် ပေါင်းစပ်ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ဝန်ကြီးဌာန/ဦးစီးဌာန | အကျိုးအကြောင်းဖော်ပြချက် |
|---|---|---|
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | - အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊<br>- အာဆီယံစီးပွားရေးအသိုက်အမြုံ (AEC) 2026-2030 အရ အာဆီယံ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုလုပ်ငန်းအဖွဲ့ (WC-PSS) ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ရန်၊<br>- E-Government ဦးဆောင်ကော်မတီနှင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီတို့မှ ချမှတ်သည့် လုပ်ငန်းစဉ်များအနက် ငွေပေးချေ မှုနှင့် စပ်လျဉ်းသည့်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊<br>- ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ စံများ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရန်၊<br>- လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာအဖွဲ့ဝင်များအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ |
| ၂ | ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | - ပြည်တွင်းမိုဘိုင်းဖုန်းကွန်ရက်များမှ ငွေကြေးဝန်ဆောင်မှုများ (Mobile Financial Services) ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ဖြင့် ပူးတွဲ၍ လိုအပ်သောကြီးကြပ်မှုများ ပြုလုပ်ရန်၊<br>- မိုဘိုင်းငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် မိုဘိုင်း SIM-Card များနှင့်စပ်လျဉ်း၍ သုံးစွဲသူမှန်ကန်မှုရှိစေရေး လိုအပ်သည့် ကြီးကြပ်မှုများ ဆောင်ရွက်ရန်၊<br>- ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် Service Provider များနှင့်စနစ်များ၏ Cyber Security ကို ကြီးကြပ်စစ်ဆေးရန်၊<br>- လိမ်လည်မှုများမှရရှိသည့်ငွေဖြင့် ဖုန်းဘေလ်များဝယ်ယူခြင်း ဆောင်ရွက်မှုများ စိစစ်တွေ့ရှိရပါက ပြန်လည်ရယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊<br>- ငွေပေးချေမှုများပြုလုပ်ရာတွင် ဖုန်းဘေလ်များမှ ပေးချေမှုမပြုလုပ်နိုင်စေရေး ပူးပေါင်းကြပ်မတ်ရန်၊ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | - မိုဘိုင်းငွေကြေးဝန်ဆောင်မှုများမှတစ်ဆင့် လိမ်လည်မှုများအား တားဆီး ကာကွယ်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးဆောင်ရွက် ပေးရန်၊ |

| စဉ် | ဝန်ကြီးဌာန/ဦးစီးဌာန | အကျိုးအကြောင်းဖော်ပြချက် |
|---|---|---|
| ၄ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | - အခွန်ကောက်ခံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကောင်အထည်ဖော်ဆောင်ထားသော အမျိုးသားငွေပေးချေမှုစနစ်များဖြစ်သည့် CBM-NET၊ MPU Switch နှင့် MyanmarPay (MMQR) တို့ကို ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်ရန်၊<br>- ပြည်သူမှ အစိုးရ (P2G) နှင့် အစိုးရမှ ပြည်သူ (G2P) ငွေပေးချေမှုများကို အီလက်ထရောနစ်နည်းလမ်းဖြင့် အပြည့်အဝ ဆောင်ရွက်ရန်၊<br>- နိုင်ငံပိုင်ဘဏ်နှင့် အစိုးရဌာနများအကြား ငွေပေးချေမှုများကိုအီလက်ထရောနစ်စနစ် အသုံးပြုဆောင်ရွက်နိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်ရန်၊<br>- အစိုးရဌာနများ၏လစာ၊အသုံးစရိတ်ပေးချေခြင်းကိုငွေသားထုတ်ယူသုံးစွဲခြင်းအစား အီလက်ထရောနစ်စနစ် အသုံးပြုပေးချေခြင်း ပိုမိုအသုံးပြုရေး တိုးမြှင့်ဆောင်ရွက်ရန်၊ |
| ၅ | ဥပဒေရေးရာဝန်ကြီးဌာန | - ငွေပေးချေမှုစနစ်ဥပဒေ (Payment System Law) အပါအဝင် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ စံနှင့် လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ရေးဆွဲရာတွင် ဥပဒေပိုင်းဆိုင်ရာနှင့် ညီညွတ်စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းရန်၊<br>- ဘဏ်စာရင်းနှင့် မိုဘိုင်းငွေကြေးစာရင်းအသုံးပြုသည့် လိမ်လည်မှုများနှင့် ပတ်သက်၍ တရားစွဲဆိုရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ပံ့ပိုးဆောင်ရွက်ရန်၊ |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | - E-ID ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်၊<br>- ဘဏ်စာရင်းနှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုစာရင်းများဖွင့်ရာတွင် အသုံးပြုသူ၏ အချက်အလက်များ စိစစ်နိုင်ရေးအတွက် E-ID Data base နှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရေး ဆောင်ရွက်ရန်၊<br>- ဘဏ်စာရင်းနှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုစာရင်းများဖွင့်ရာတွင် အသုံးပြုသည့် မှတ်ပုံတင်များနှင့်စပ်လျဉ်း၍ မှန်ကန်မှုရှိစေရေး လိုအပ်သည့် ကြီးကြပ်မှုများဆောင်ရွက်ရန်၊ |
| ၇ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | - E-Commerce လုပ်ငန်းများတွင် ဒီဂျစ်တယ် ငွေပေးချေမှု အသုံးပြုခြင်း ဖွံ့ဖြိုးတိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊<br>- E-Commerce လုပ်ငန်းများအတွက် ငွေပေးချေမှုများပြုလုပ်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားသော ငွေပေးချေမှုလုပ်ငန်းများ ပိုမိုအသုံးပြုလာနိုင်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ |
| ၈ | ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | - နိုင်ငံခြားခရီးသွားများအတွက် ဟိုတယ်နှင့် အခြားဝန်ဆောင်မှုများပေးရာတွင် ငွေပေးချေမှုများစနစ်တကျနှင့် လွယ်ကူစွာဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန်၊<br>- နိုင်ငံခြားသားခရီးသွားများမှ မြန်မာနိုင်ငံသို့ လာရောက်သည့်အခါတွင် ၎င်းတို့၏ ငွေပေးချေမှုနည်းလမ်းများအား ဟိုတယ်နှင့် အခြားဝန်ဆောင်မှုများတွင် လက်ခံအသုံးပြုနိုင်ရေးဆောင်ရွက်ရန်၊ |

| စဉ် | ဝန်ကြီးဌာန/ဦးစီးဌာန | အကျိုးအကြောင်းဖော်ပြချက် |
|---|---|---|
| ၉ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | – ငွေပေးချေမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများနှင့် အာမခံလုပ်ငန်းများတွင် ဒီဂျစ်တယ်ငွေပေး ချေမှု အသုံးပြုနိုင်ရေးပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နည်းဗျူဟာတည်ထောင်ရန်၊<br>– အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တရားဝင်ခွင့်ပြုထားသော ငွေပေး ချေမှုလုပ်ငန်းများ အသုံးပြုဆောင်ရွက်ရန်၊ |
| ၁၀ | ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ | – သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့မှုတားဆီးရေးဆိုင်ရာ ထိန်းချုပ်ကွပ်ကဲရေးကိစ္စရပ် များအတွက် ပူးပေါင်းပါဝင်ရန်၊ |

၃။ နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) E–Government ဦးဆောင်ကော်မတီနှင့် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့မှ ချမှတ်သည့်လုပ်ငန်းစဉ်များအနက် ငွေပေးချေမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ဂ ) အာဆီယံစီးပွားရေးအသိုက်အမြုံ (AEC) 2026–2030 အရ ဦးစားပေးဆောင်ရွက်ရမည့် ငွေပေးချေမှု ဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတော်၏အမျိုးသားငွေပေးချေမှုများအား အီလက်ထရောနစ်ပေးချေမှုနည်းလမ်းများဖြင့် ဆောင်ရွက် နိုင်ရန်၊

( င ) အများပြည်သူ၏ နေ့စဉ်ငွေပေးချေမှုများတွင် ငွေသားအသုံးပြုမှုလျှော့ချပြီး ဒီဂျစ်တယ်နည်းလမ်းဖြင့် ထိထိရောက်ရောက်လက်တွေ့အသုံးချသည့် ငွေပေးချေမှုစနစ်ဖြစ်စေရေးအတွက် နိုင်ငံတော်အဆင့်မှ ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဖော်ဆောင်ရန်၊

( စ ) ငွေပေးချေမှုစနစ်များအား ပြည်သူများအတွက် လျင်မြန်၊ လုံခြုံ၍ စရိတ်သက်သာစွာအသုံးပြုနိုင်ရေး လိုအပ်သော စီမံမှုများပြုလုပ်ရန်၊

(ဆ) ငွေပေးချေမှုစနစ်များ လုံခြုံရေးနှင့် ပြည်သူလူထု၏ယုံကြည်မှုရရှိစေရေး စီမံဆောင်ရွက်ရန်၊

( ဇ ) ပြည်တွင်းပြည်ပ တရားမဝင်ငွေလွှဲလုပ်ငန်းများ၊ တရားမဝင်ငွေပေးချေဝန်ဆောင်မှုလုပ်ငန်းများအား မိမိနိုင်ငံ၏ ငွေပေးချေမှုစနစ်အောက်တွင် ပါဝင်လာစေရေးဆောင်ရွက်ရန်နှင့် စနစ်တကျကြီးကြပ် ကွပ်ကဲနိုင်ရန်၊

( ဈ ) အီလက်ထရောနစ်နည်းလမ်းဖြင့် အပြန်အလှန်ငွေလွှဲပြောင်းခြင်း ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် တည်ဆဲဘဏ်လုပ်ငန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာမှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ည) ခေတ်မီငွေပေးချေမှုနည်းလမ်းများ၊ အီလက်ထရောနစ်ငွေကြေးများ စနစ်တကျပေါ်ပေါက်အသုံးပြု နိုင်ရန်နှင့် ဝန်ဆောင်မှုပေးသူနှင့် ရယူအသုံးပြုသူများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မည့် ငွေပေးချေမှုစနစ်ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရန်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ပြည်ထောင်စုအစိုးရ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ **ပြည်ထောင်စုအစိုးရ သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
ပြန်ကြားရေးဝန်ကြီးဌာန

( ခ ) ဒုတိယအမှုဆောင်ချုပ် — ဒုတိယအဖွဲ့ခေါင်းဆောင်
နိုင်ငံတော်သမ္မတရုံး၊ သတင်းနှင့် ပြန်ကြားရေးဗျူရို

( ဂ ) ဦးဆောင်ညွှန်ကြားရေးမှူး — ဒုတိယအဖွဲ့ခေါင်းဆောင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

( င ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

( စ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဆ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

( ဇ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

( ဈ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ည) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဋ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

( ဌ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

( ဍ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဎ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ထ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

( ဒ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

( ဓ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

( န ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( ပ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

( ဖ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

( ဗ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဘ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

( မ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အမျိုးသမီးရေးရာဝန်ကြီးဌာန

(ယ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( ရ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(လ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဝ ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(သ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဟ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဠ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(အ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ကက) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ခခ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂဂ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အားကစားရေးရာဝန်ကြီးဌာန

(ဃဃ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
လူငယ်ရေးရာဝန်ကြီးဌာန

(ငင) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(စစ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆဆ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇဇ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဈဈ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ညည) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဋဋ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဌဌ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဍဍ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဎဎ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ကယားပြည်နယ်အစိုးရအဖွဲ့

(ဏဏ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(တတ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့

(ထထ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဒဒ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဓဓ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(နန) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ပပ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဖဖ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

(ဗဗ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ဘဘ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(မမ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ယယ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ရရ) ဒုတိယအမြဲတမ်းအတွင်းဝန်　အတွင်းရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

(လလ) ကိုယ်စားလှယ် (၁) ဦး　တွဲဖက်အတွင်းရေးမှူး
နိုင်ငံတော်သမ္မတရုံး၊ သတင်းနှင့် ပြန်ကြားရေးဗျူရို

(ဝဝ) ကိုယ်စားလှယ် (၁) ဦး　တွဲဖက်အတွင်းရေးမှူး
တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

၂။ ပြည်ထောင်စုအစိုးရ သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရ၏ လုပ်ဆောင်ချက်များ၊ ကြေညာချက်များ၊ တိကျသေချာသော သတင်းစကားများ၊ မူဝါဒဆုံးဖြတ်ချက်များကို ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရ၏ သဘောထားအမြင်များ၊ ရပ်တည်ချက်များကို တိကျမှန်ကန်စွာ ရှင်းလင်းချပြခြင်း၊

(ဂ) အရေးပေါ်အခြေအနေနှင့် သတင်းထူးကိစ္စရပ်များတွင် အဖွဲ့စုံပါဝင်သောအဖွဲ့ဖြင့် အစည်းအဝေးခေါ်ယူပြီး ပဏာမထုတ်ပြန်ချက် စိစစ်ထုတ်ပြန်ခြင်းနှင့် လိုအပ်ပါက သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ရှင်းလင်းခြင်း၊

(ဃ) နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရ၏ လုပ်ဆောင်ချက်များ၊ ပြောကြားချက်များ၊ သတင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ Website Page များမှ ရေးသား ထုတ်လွှင့်ခြင်း၊

( င ) သတင်းထုတ်ပြန်ရေးလုပ်ငန်းအဖွဲ့ဝင်များသည် မိမိတို့ဌာနအဖွဲ့အစည်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ ထူးခြားဖြစ်စဉ်များနှင့် သတင်းထုတ်ပြန်ဆောင်ရွက်သင့်သည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြရန်နှင့် မီဒီယာနည်းလမ်းမျိုးစုံမှ သတင်းမှန်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း၊

( စ ) သတင်းများ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာအလိုက် သတင်းထုတ်ပြန်ရေး အဖွဲ့များ စနစ်တကျဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) သတင်းစီးဆင်းမှု သွက်လက်မြန်ဆန်စေရေးနှင့် မီဒီယာဆက်ဆံရေးလုပ်ငန်းများ ချောမွေ့စေရေးအတွက် အလေးထားဆောင်ရွက်ခြင်း၊

( ဇ ) အားကောင်းသောအစိုးရ၊ သန့်ရှင်းသောအစိုးရတစ်ရပ်၏ပုံရိပ်ကို အမြဲထင်ဟပ်နေစေရေး သတင်း မီဒီယာကဏ္ဍ ဘက်ပေါင်းစုံမှ ကြိုးပမ်းထုတ်လွှင့်ပြန်ကြားခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

## မြန်မာ–ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီဖွဲ့စည်းခြင်း

၁။ မြန်မာ–ထိုင်း နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်မှချမှတ်ပေးသော မူဝါဒလမ်းညွှန်ချက်များ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **မြန်မာ–ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
နိုင်ငံခြားရေးဝန်ကြီးဌာန

( ခ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

( ဂ ) သံအမတ်ကြီး — အဖွဲ့ဝင်
မြန်မာသံရုံး၊ ဗန်ကောက်မြို့

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (င) | တပ်မှူး<br>ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | အကြံပေးပုဂ္ဂိုလ်တစ်ဦး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>နယ်နိမိတ်ဌာန<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ထ) ကိုယ်စားလှယ်တစ်ဦး တွဲဖက်အတွင်းရေးမှူး
နယ်နိမိတ်ဌာန
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ မြန်မာ–ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချမှတ်ပေးသော မူဝါဒဘောင်အတွင်း မြန်မာ–ထိုင်း နယ်နိမိတ်များတိုင်းတာသတ်မှတ်ရေး၊ မြစ်၊ ချောင်းရေအသုံးချရေး၊ မြစ်၊ ချောင်း အတွင်း သွားလာရေးတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်များရရှိရေးအတွက် နည်းလမ်း ရှာဖွေရေးကိစ္စတို့ကို တာဝန်ယူဆောင်ရွက်ရန်၊

(ခ) ထိုင်းအစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းရရှိမှုကိုအခြေပြု၍ နယ်နိမိတ်သတ်မှတ်ခြင်း၊ မြစ်၊ ချောင်းရေ အသုံးချခြင်း၊ မြစ်၊ ချောင်းအတွင်းသွားလာခြင်းတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံအခြေခံသဘော တူညီချက်များ ရရှိနိုင်ရေးအတွက် နည်းလမ်းများရှာဖွေရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်း များကို ချမှတ်ရန်၊

(ဂ) မြန်မာ–ထိုင်း နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးနှင့်ပတ်သက်၍ နယ်နိမိတ်စာချုပ်များရေးဆွဲချုပ်ဆို နိုင်သည်အထိ လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန်၊

(ဃ) မြန်မာ–ထိုင်း နယ်နိမိတ်အတွင်း ပါဝင်နေသည့်နယ်နိမိတ် မြစ်၊ ချောင်းများမှ ရေအသုံးချရေး၊ မြစ်၊ ချောင်းအတွင်း သွားလာရေးကိစ္စတို့နှင့်ပတ်သက်၍ လိုအပ်သည့်စာချုပ်ရေးဆွဲရေးကိစ္စများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(င) နယ်နိမိတ်တိုင်းတာရေးအဖွဲ့များ၊ စီမံခန့်ခွဲရေးအဖွဲ့များနှင့် လုပ်ငန်းအရလိုအပ်သော အခြားအဖွဲ့ဝင် များကို ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် ယင်းအဖွဲ့များလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ စည်းကမ်းများ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရန်၊

(စ) မြန်မာ–ထိုင်း နယ်နိမိတ်သတ်မှတ်ခြင်း၊ မြစ်၊ ချောင်းရေအသုံးချခြင်း၊ မြစ်၊ ချောင်းအတွင်း သွားလာခြင်းကိစ္စ တို့နှင့်ပတ်သက်၍ နှစ်နိုင်ငံအခြေခံသဘောတူညီချက်များရရှိနိုင်ရေးအတွက် နည်းလမ်းများရှာဖွေရာတွင် အခက်အခဲပေါ်ပေါက်လာပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်၊

(ဆ) မြန်မာ–ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီဝင်အသစ်များ၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားလိုပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရန်၊

(ဇ) မြန်မာ–ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် ကုန်ကျ စရိတ် ခန့်မှန်းခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းတောင်းခံရန်နှင့် ခွင့်ပြုချက်ရရှိသောရန်ပုံငွေကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ခွဲဝေသုံးစွဲရန်၊

(ဈ) နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်ရန်လိုအပ်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**ဥပဒေဘာသာပြန်ကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပါ ဘာသာပြန်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရန်အလို့ငှာ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၄ အရ **ဥပဒေဘာသာပြန်ကော်မရှင်** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒေါက်တာ သီတာဦး — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(ခ) ဦးဘတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(ဂ) ဦးပေါ်ခိုင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(ဃ) ဦးကျော်စိန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(င) ဦးအလုံးမောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(စ) ဒေါ်အေးဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ဥပဒေရေးရာဝန်ကြီးဌာန
တရားလွှတ်တော်ရှေ့နေ

(ဆ) ဒေါ်တင်ရီဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တရားလွှတ်တော်ရှေ့နေ

(ဇ) ဒေါက်တာ အောင်ဆွေထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဈ) ဒေါက်တာ စုခိုင်ဦး — အဖွဲ့ဝင်
ပါမောက္ခ
အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

(ည) ဒေါက်တာ သီသီလွင် — အဖွဲ့ဝင်
ပါမောက္ခ/ ဌာနမှူး
ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

(ဋ) ဒေါက်တာ မိုးသူ — အဖွဲ့ဝင်
ပါမောက္ခ
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်

(ဌ) ဒေါက်တာ ဝင့်ဝါဝါလှိုင် — အဖွဲ့ဝင်
ပါမောက္ခ
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

(ဍ) ဒေါက်တာ သိန်းနိုင် — အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား)
မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

(ဎ) ဦးဇော်ဇော်ထွေး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဏ) ဒေါ်မိုးနှင်းလွင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

၂။ ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ကျခံရမည့် ကုန်ကျစရိတ်များကို ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ဉာဏ်ရည်တု (Artificial Intelligence–AI) နည်းပညာကို ဥပဒေအသိပညာနှင့်ချိတ်ဆက်၍ ကျယ်ပြန့်စွာ အသုံးချခြင်းဖြင့် ပြည်သူလူထုအကြား ဥပဒေဗဟုသုတအသိပညာများ အလွယ်တကူပျံ့နှံ့နိုင်စေရန်နှင့် ဥပဒေ

ဝန်ဆောင်မှုများကို အလွယ်တကူလက်လှမ်းမီစေရန်အလို့ငှာ **AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ တင်ဘုန်းကျော်<br>စီမံကိန်းဒါရိုက်တာ<br>အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | အဖွဲ့ဝင် |
| (င) | ဒေါက်တာ သန့်ဇင်အောင်<br>အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | အဖွဲ့ဝင် |
| (စ) | ဒေါက်တာ ဟိန်းထွန်း<br>အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ နေလင်း<br>အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | အဖွဲ့ဝင် |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဦးရန်နိုင်<br>ညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး (e–Government ဌာနခွဲ)<br>ဥပဒေရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဥပဒေနှင့်သက်ဆိုင်သော ဉာဏ်ရည်တု (Artificial Intelligence–AI) လုပ်ငန်းစဉ်များကို ဥပဒေကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဦးဆောင်ဦးရွက်ပြုခြင်း၊

(ခ) ဥပဒေအသိပညာအချက်အလက်များထည့်သွင်းနိုင်ရေး လိုအပ်သောလမ်းညွှန်မှုများပေးခြင်း၊

(ဂ) ဥပဒေသတင်းအချက်အလက်များအား ဉာဏ်ရည်တု (Artificial Intelligence–AI) နည်းပညာ တွင်ကျယ်စွာ ချိတ်ဆက်ထည့်သွင်းသည့် လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရန် အထောက်အကူပြုလုပ်ငန်း ကော်မတီများ လိုအပ်သလို ဖွဲ့စည်းပေးခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ(၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဏ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(တ) ဒုတိယဝန်ကြီး　အတွင်းရေးမှူး
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ်　တွဲဖက်အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ
လုံခြုံရေးဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ် ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များချမှတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအားအထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(စ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်သိမ်းဆည်းမှုကိုသတ်မှတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း၊

(ဈ) အွန်လိုင်းငွေကြေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိုအပ်ပါက မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းကို လမ်းညွှန်မှုပေးခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**အမျိုးသားမြေအသုံးချမှုကောင်စီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အတွင်း အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် **အမျိုးသားမြေအသုံးချမှု ကောင်စီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး) | အဖွဲ့ဝင် |

(ဃ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး — တွဲဖက်အတွင်းရေးမှူး(၁)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၂)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) တို့၏ မြေအသုံးချမှု ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရန်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့်သက်ဆိုင်သည့် မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရေးအတွက် လိုအပ်သော အစီအမံနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဃ) နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မြေအသုံးချမှုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ အသုံးချမည့် မြေပမာဏ လျာထားဆုံးဖြတ်ရာတွင် တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အကျိုးသက်ဆိုင်သူများအား ပွင့်လင်းမြင်သာစွာ သိရှိစေရေးနှင့် ယင်းတို့ကိုယ်တိုင် အသုံးပြုခွင့်ရရှိစေရေးတို့အတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် အခြားနည်းအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ တရားဝင်အခွင့်အရေးရရှိစေခြင်း၊ အငြင်းပွားမှုကိုလျှော့ချခြင်းနှင့် မည်သည့်မြေအငြင်းပွားမှုကိုမဆို လွယ်ကူစွာဖြေရှင်းခြင်းတို့ကိုဆောင်ရွက်နိုင်ရန် တိကျသော နယ်နိမိတ်မြေပုံများရေးဆွဲခြင်းနှင့် မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်သည့်စနစ် ထားရှိကျင့်သုံးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(စ) အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ရေရှည်မြေအသုံးချမှုစီမံကိန်းများပြင်ဆင်ရာတွင် အဆိုပြုထားသော မြေအသုံးချမှုစီမံကိန်းနှင့် မြေပုံများပါ ပြင်ဆင်ချက်များကိုအသုံးပြု၍ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းတို့ကို အချိန်ကာလအပိုင်းအခြားအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဇ) မြေအသုံးချမှုစီမံခန့်ခွဲခြင်း၊ မြေခွဲဝေချထားခြင်းနှင့် မြေအသုံးချမှုစီမံကိန်းလုပ်ငန်းစဉ်များ အရည်အသွေးကောင်းမွန်စေခြင်း၊ အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းစသည်တို့နှင့်စပ်လျဉ်း၍ အစီရင်ခံမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပြီး အစိုးရဌာန အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်စေရန် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ လိုအပ်ချက်များအရ အမျိုးသားမြေအသုံးချမှုမူဝါဒကို အနည်းဆုံးငါးနှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ခြင်း၊

(ည) အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း**

စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က)၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) တို့အရ **မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၂) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၁၉) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂၀) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂၁) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(၂၂) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၂၃) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂၄) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၅) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၆) | ဒေါက်တာ သီတာစန်း<br>ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ပညာရှင် | အဖွဲ့ဝင် |
| (၂၇) | ဦးမျိုးအေး<br>စက်မှုဒီဇိုင်းမူပိုင်ခွင့်ပညာရှင် | အဖွဲ့ဝင် |
| (၂၈) | ဒေါ်ဆွေဇင်ထိုက်<br>စာပေနှင့် အနုပညာ မူပိုင်ခွင့်ပညာရှင် | အဖွဲ့ဝင် |
| (၂၉) | ဒေါက်တာ ဇော်မင်းအောင်<br>တီထွင်မှုမူပိုင်ခွင့်ပညာရှင် | အဖွဲ့ဝင် |
| (၃၀) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၃၁) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် | အဖွဲ့ဝင် |
| (၃၂) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၃၃) | ညွှန်ကြားရေးမှူးချုပ်<br>မူပိုင်ခွင့်ဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်း

ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၆ အရ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |

(ထ) စစ်ရေးချုပ် အတွင်းရေးမှူး
စစ်ရေးချုပ်ရုံး

(ဒ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၊ ခရိုင်အဖွဲ့ နှင့် မြို့နယ်အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းကြပ်မတ်ရန်၊

(ခ) ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးခြင်းကို တပ်မတော် ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့များဖြင့် ဆောင်ရွက်ရန်၊

(ဂ) ဗဟိုအဖွဲ့အနေဖြင့် လိုအပ်ပါက လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(ဃ) လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်၊

(င) ဗဟိုအဖွဲ့သည် လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများအား တာဝန်ပေးအပ်ဆောင်ရွက်ရန်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်)

## ကြိုတင်ပြင်ဆင်ခွင့် (၄) လ ငြင်းပယ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၁-၅-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁) / ၈ / သမ္မတရုံးဖြင့် ခွင့်ပြုချက်အရ ပြည်သူ့လွှတ်တော်ရုံး၊ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင် ၏ သက်ပြည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၂၀-၆-၂၀၂၆ ရက်နေ့မှ ၁၉-၁၀-၂၀၂၆ ရက်နေ့အထိ) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့်အညီ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ထိုသို့ ငြင်းပယ်ခဲ့သည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀-၁၀-၂၀၂၆ ရက်နေ့မှ ၁၉-၂-၂၀၂၇ ရက်နေ့ထိ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀-၂-၂၀၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ(က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ခင်ရီ
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်)

**စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နှစ်စဉ်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်နိုင်ရေးအတွက် **စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်အုန်း | ဒုတိယဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ဝင်းအောင် | အမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဇော်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ဝင်းထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာ မြတ်မိုး | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (စ) | ဦးလှမင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

၂။ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်သူ့လွှတ်တော်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များသည်ဥပဒေ၊နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ဆောင်ရွက်ရန်၊

(ခ) ပြည်သူ့လွှတ်တော်ရုံးရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ မူလအရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်းနှင့် ပြည်ပပညာသင်စေလွှတ်ရေးနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးများဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများ၊ ဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မူလခွင့်ပြုငွေ၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(ဃ) ဘတ်ဂျက်ငွေကြေးသုံးစွဲမှုများကို ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး စိစစ်ကြပ်မတ်ရန်၊

(င) အုပ်ချုပ်ရေးကိစ္စရပ်များအား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်။

၃။ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူရမည်။

၄။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၂၂ အားဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၃/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီး များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးဇင်ဖြိုး<br>တ/ ၃၄၂၄ | ဆိပ်ဖြူ<br>မကွေးတိုင်းဒေသကြီး |
| ၂။ | ဦးနေမျိုးအောင်<br>တ/ ၃၅၉၄ | ဝါးခယ်မ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဦးအောင်မျိုးသန်း<br>တ/၃၆၇၁ | မြင်းမူ<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဦးသီဟအောင်<br>တ/၃၆၇၆ | အင်္ဂပူ<br>ဧရာဝတီတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၅/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယဦးစီးမှူးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးအောင်မြင့်စိုး<br>တ/၃၈၄၀ | ကျောက်ဆည်ခရိုင်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးဆက်နောင်မြင့်<br>တ/၃၈၆၁ | ပြည်<br>ပဲခူးတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၁၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်)

## ရွေးကောက်ပွဲခုံအဖွဲ့ (၈) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၂ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၈) ကို ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးသန်းအောင်ကျော် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးခင်မောင်ကြီး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| ( ဂ ) | ဒေါ်ခင်သင်းဝေ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၈) သည် အောက်အမည်ပါ တိုင်ကြားသူ၏ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးရမည်-

| တိုင်ကြားသူ အမည် | တိုင်ကြားခံရသူ အမည် | လွှတ်တော်မဲဆန္ဒနယ် အမည် |
|---|---|---|
| ဦးကျော်အောင်ပါ (၅) ဦး | ဦးဝင်းဖေမောင် | မန္တလေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ်(၄) |

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၆ ရက်)

## သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးနှင့် သတင်းမှန်ပြန်ကြားနိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးအောင်လွင်ဦး — အဖွဲ့ခေါင်းဆောင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ခ ) ဦးခင်မောင်ဦး — ဒုတိယအဖွဲ့ခေါင်းဆောင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဂ ) ဦးမြင့်သိန်း — ဒုတိယအဖွဲ့ခေါင်းဆောင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဃ) ဦးရဲရင့်လွင် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

( င ) ဦးအောင်မျိုးလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရွေးကောက်ပွဲဆိုင်ရာ

( စ ) ဦးကျော်ကျော်စိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရွေးကောက်ပွဲခုံရုံးဆိုင်ရာ

(ဆ) ဦးဇော်နောင်လတ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ဥက္ကဋ္ဌရုံး

(ဇ) ဦးသန့်ဇင်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ရွေးကောက်ပွဲဌာန

(ဈ) ဦးအောင်မျိုးသန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန

(ည) ဦးစိုးမင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ရွေးကောက်ပွဲခုံရုံးဌာန

(ဋ) ဦးမြတ်ထွန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ e-Government ဌာန

(ဌ) ဦးညီညီလွင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး

(ဍ) ဒေါ်စန္ဒာဝင်းရွှေ — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ သုတေသနနှင့် မှတ်တမ်းဌာန

၂။ သတင်းထုတ်ပြန်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော သတင်းများ၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသော သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်စပ်လျဉ်းသော သတင်းမှားများ၊ မဟုတ်မမှန်လုပ်ကြံသတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းမှန်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်၊

(ဂ) လုံခြုံရေးပိုင်းဆိုင်ရာထိခိုက်စေနိုင်သော သတင်းမှားများ၊ သတင်းအတုအယောင်များ၊ လုပ်ကြံသတင်းများ၊ အမုန်းစကားများထုတ်လွှင့်ဖော်ပြသည့် မီဒီယာများ၊ လူပုဂ္ဂိုလ်များအား အရေးယူဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ၊ အသိပညာပေးခြင်းဆိုင်ရာအချက်အလက်များကို ရွေးကောက်ပွဲလုပ်ငန်းစဉ်အလိုက် ရုပ်မြင်သံကြား၊ နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယိုနှင့် ကော်မရှင်၏ Website၊လူမှုကွန်ရက်မီဒီယာများတွင်အချိန်နှင့်တစ်ပြေးညီလွှင့်တင်နိုင်ရေးကြိုးကြပ်ဆောင်ရွက်ရန်၊

(င) သတင်းမီဒီယာ၊ ဂျာနယ်၊ စာစောင်များ၏ ရေးသားဖော်ပြချက်များအပေါ်မူတည်ပြီး လိုအပ်သလိုဆောင်ရွက်ရန်၊

(စ) လိုအပ်ပါက အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ တာဝန်ယူပြုလုပ်ပေးရန်၊

(ဆ) သတင်းထုတ်ပြန်ချက် (Press Release) များ ထုတ်ပြန်ပေးရန်။

## ကြေညာချက်အမှတ် (၄၃/၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်)

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်

ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ၃၂/၂၀၂၆ တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄) ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၂၇၇၀<br>ဗိုလ်မှူးချုပ် ညီညီအောင် | **အစား** | ကြည်း ၂၉၁၉၇<br>ဗိုလ်မှူးချုပ် ကျော်လင်းအောင် |
| (ခ) | ကြည်း ၃၄၁၆၅<br>ဗိုလ်မှူးကြီး မြင့်ကို | **အစား** | ကြည်း ၂၇၄၇၂<br>ဗိုလ်မှူးကြီး မျိုးမြင့်အောင် |
| (ဂ) | ကြည်း ၂၈၄၅၁<br>ဒုတိယဗိုလ်မှူးကြီး အောင်နီ | **အစား** | ကြည်း ၂၇၉၂၉<br>ဗိုလ်မှူးကြီး ဇော်မြင့်ဦး |
| (ဃ) | ကြည်း ၂၅၂၉၅<br>ဗိုလ်မှူး ဇော်ဇော်မိုး | **အစား** | လေ ၂၀၈၄<br>ဗိုလ်မှူးကြီး အောင်မျိုးကျော် |

## ကြေညာချက်အမှတ် (၄၄/၂၀၂၆)

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ၃၅/၂၀၂၆ တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(က) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၃၂၂<br>ဗိုလ်ကြီး ဝဏ္ဏနိုင် | **အစား** | ကြည်း ၃၈၂၈၉<br>ဗိုလ်မှူး မင်းသုခလှိုင် |

(ခ) **ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၇၄၁၆၉<br>ဗိုလ်ကြီး လွင်အောင်မြတ် | **အစား** | ကြည်း ၅၃၇၆၄<br>ဗိုလ်ကြီး မျိုးညွန့် |

(ဂ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၂၇၆<br>ဗိုလ်ကြီး ဝဏ္ဏစိန်မြင့် | **အစား** | ကြည်း ၅၃၈၈၄<br>ဗိုလ်ကြီး ကျော်သူနိုင် |

(ဃ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၉၆၇၃<br>ဗိုလ်မှူး အောင်ဇော်ထိုက် | **အစား** | ကြည်း ၄၅၀၄၉<br>ဗိုလ်မှူး ဇာနည်စိုး |

သန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျရွေးချယ်စိစစ်ခွင့်ပြုခြင်းအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ တာဝန်များကို အထောက်အကူပြုနိုင်ရန် **နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) အမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
ဥပဒေရေးရာဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒုတိယရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေး၊ သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။　နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)　အမြဲနေထိုင်ခွင့် လျှောက်ထားချက်များကိုစိစစ်၍ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ခ )　အမြဲနေထိုင်ခွင့် သက်တမ်းတိုးလျှောက်ထားခြင်းကို စိစစ်အတည်ပြုခြင်း၊

( ဂ )　အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊ သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်း၊ ပျောက်ဆုံး၊ ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များကိုအတည်ပြုခြင်း၊

(ဃ)　အမြဲနေထိုင်ခွင့်လက်မှတ်ရရှိထားသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကိုအတည်ပြုခြင်း၊

( င )　အမြဲနေထိုင်ခွင့်ရရှိသူသေဆုံးခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် ပြန်လည်အပ်နှံခြင်းနှင့်သက်ဆိုင်သော မှတ်တမ်းများထိန်းသိမ်းခြင်း၊

( စ )　အမြဲနေထိုင်ခွင့်ရရှိသူအတွက် ဥပဒေကသတ်မှတ်ထားသော အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ)　အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရန်ကြီးကြပ်ခြင်း၊

( ဇ )　ဝန်ကြီးဌာန၊ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက ထုတ်ပြန်ထားသော တားမြစ်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို သက်ဆိုင်သူများ သိရှိနားလည်လက်ခံနိုင်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် လမ်းညွှန်ခြင်း၊

( ဈ )　ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းရှိသူများအားရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များကို ခေါ်ယူဆွေးနွေး၍ အကြံဉာဏ်ရယူခြင်း၊

(ည)　ဝန်ကြီးဌာနနှင့် အကောင်အထည်ဖော်ရေးဗဟိုကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

အတွင်းရေးမှူး
နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။　၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသ စသည့်နယ်မြေဒေသများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် နေအိမ်နှင့် လုပ်ငန်းသုံး စက်ရုံ၊ အလုပ်ရုံများ ပြန်လည်

တည်ဆောက်ရေးအတွက် နိုင်ငံတော်မှ ထည့်ဝင်ပံ့ပိုးသောရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များ ပံ့ပိုးပေးနိုင်ရန် **အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ** ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၂၆ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များဖြင့် **ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့** ကို ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန (ဝန်ကြီးရုံး) | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ် (၃) ဦး<br>မြန်မာနိုင်ငံဘဏ်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ် (၂) ဦး<br>ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်(၂) ဦး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

( ၈ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃။ အင်အားပြင်း မဏ္ဍလေးလှျင်ကြီးဒဏ်ခံခဲ့ရသည့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီထံ တင်ပြခြင်း၊

( ခ ) ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တင်ပြလျှောက်ထားခြင်းအပေါ် ချေးငွေမူဝါဒနှင့်အညီ စိစစ်သုံးသပ်ချက်ဖြင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်တောင်းခံခြင်း၊

( ဂ ) ချေးငွေအစီအစဉ်အရ ဤအဖွဲ့နှင့် ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးရမည့် သဘောတူစာချုပ် (Agreement) ပုံစံကိုစိစစ်၍ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီထံ အတည်ပြုချက်ရယူခြင်း၊

(ဃ) ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီမှ ခွင့်ပြုချက်ရရှိပါက ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ပေးနိုင်ရေးအတွက် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများဆောင်ရွက်ခြင်း၊

( င ) ဘဏ်နှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းတို့၏ ချေးငွေကော်မတီ/ ချေးငွေစိစစ်ရေးအဖွဲ့သို့ အတည်ပြုချက်ရယူမှုအား စိစစ်ခြင်း၊ (ဒေသဆိုင်ရာ အစိုးရမှ ဆောက်လုပ်ရေးအသင်းများနှင့် အင်ဂျင်နီယာအသင်းများပါဝင်သည့် စိစစ်ရေးအဖွဲ့၏ အကဲဖြတ်ချက်များပါဝင်ရမည်။)

( စ ) နယ်မြေဒေသအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ်မူတည်၍ ချေးငွေရယူလိုသည့် ပမာဏအပေါ် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ထောက်ခံတင်ပြထားသည့် စီးပွားရေးလုပ်ငန်း၊ နေအိမ်နှင့် အဆောက်အဦများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို နယ်မြေဒေသအသီးသီးရှိ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ စိစစ်တင်ပြခြင်း၊

(ဆ) ချေးငွေသက်တမ်းတိုးခြင်းဆိုင်ရာကိစ္စရပ်များကို စိစစ်တင်ပြခြင်း၊

( ဇ ) ရန်ပုံငွေထိန်းသိမ်းထားရှိခြင်းနှင့် စာရင်းမှတ်တမ်းတင်ခြင်း၊

(ဈ) ချေးငွေထုတ်ချေးမှု၊ ပြန်လည်ကောက်ခံရရှိမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သုံးသပ်ချက်ဖြင့် ခြောက်လတစ်ကြိမ် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြနိုင်ရန် အစီရင်ခံစာမူကြမ်းအား ပြုစုတင်ပြခြင်း၊

(ည) ရန်ပုံငွေရရှိမှု၊ သုံးစွဲမှု၊ လက်ကျန်ပမာဏအခြေအနေ၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေထုတ်ချေးမှု၊ အရင်းနှင့်အတိုး ပြန်လည်ကောက်ခံရရှိမှုအခြေအနေများကို စုစည်း၍ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီထံ လစဉ်တင်ပြခြင်း၊

( ဋ ) ရန်ပုံငွေသုံးစွဲမှုတွင် ပွင့်လင်းမြင်သာမှုရှိစေရန် (Transparency)၊ တာဝန်ယူမှုရှိစေရန် (Accountability) နှင့် ထိရောက်မှုရှိစေရန် (Effectiveness) ထုတ်ချေးခဲ့သည့် ချေးငွေပြန်လည်ပေးဆပ်မှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ သုံးလပတ်အစီရင်ခံစာပြုစု၍ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီထံ တင်ပြခြင်း၊

( ဌ ) ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီက ထုတ်ပြန်ထားသည့် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊ လိုအပ်ပါက စည်းကမ်းချက်များ ထပ်မံထုတ်ပြန်ခြင်း၊

( ဍ ) ချေးငွေအား အမှန်တကယ်ချေးငွေရယူသူထံ ရောက်ရှိမှု ရှိ မရှိ၊ ချေးငွေအား ထိရောက်စွာ အသုံးချမှု ရှိ မရှိ တို့အပေါ် စိစစ်ကြီးကြပ်ခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊

( ဎ ) ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဏ) ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးအား အနည်းဆုံး တစ်လလျှင် နှစ်ကြိမ်ကျင်းပပြုလုပ်ခြင်း၊

(တ) ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဒေါက်တာ ခင်နိုင်ဦး
ဥက္ကဋ္ဌ
အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်
နယ်မြေဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ လက်အောက်ဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရသုံးစွဲရသည့်အသုံးစရိတ်များသည် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ကြီးဌာန၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် **ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးတင်အောင်စန်း<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးထင်ကျော်သူ<br>ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဥက္ကဋ္ဌ<br>အခွန်အယူခံခုံအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |

(စ) ဦးမင်းနိုင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

(ဆ) ဦးအောင်ရွှေဝင်း — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

၂။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်စေရန်၊

(ဂ) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် မိမိဝန်ကြီးဌာန၏ ဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဃ) မိမိဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(င) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲသွားရန်နှင့် စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းနှင့် ပြည်ပပညာသင် စေလွှတ်ရေးနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေရန်၊ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို လအလိုက် မပျက်မကွက် ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများ တင်ပြရန်ဖြစ်ပါသည်။

တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

၁။ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဌာန၊ အဖွဲ့အစည်းများမှ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ တင်ဒါကော်မတီအား အောက်ဖော်ပြပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

**တင်ဒါကော်မတီ (ဒီဂျစ်တယ်)**

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (ဒီဂျစ်တယ်) | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (ဃ) | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | အဖွဲ့ဝင် |
| (င) | လက်ထောက်အတွင်းဝန်<br>မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | အဖွဲ့ဝင် |
| (စ) | လက်ထောက်အတွင်းဝန်<br>ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဆ) | သက်ဆိုင်ရာဌာန<br>ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

**တင်ဒါကော်မတီ (ဆက်သွယ်ရေး)**

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (ဆက်သွယ်ရေး) | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (ဃ) | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | အဖွဲ့ဝင် |
| (င) | လက်ထောက်အတွင်းဝန်<br>မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | အဖွဲ့ဝင် |
| (စ) | လက်ထောက်အတွင်းဝန်<br>ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဆ) | သက်ဆိုင်ရာဌာန<br>ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို ဆောင်ရွက်ရာတွင် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် (ယခင်) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားထားသည့် အစိုးရ၏ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

## စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်)

### လေ့ကျင့်သင်ကြားရေးဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **လေ့ကျင့်သင်ကြားရေးဆိုင်ရာလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) လက်ထောက်စစ်ရေးချုပ် — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

(ဈ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
နယ်စပ်ရေးရာဝန်ကြီးဌာန

၂။ လေ့ကျင့်သင်ကြားရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို တက်ရောက်သင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးရန်၊

( ခ ) ဝန်ကြီးဌာနများတွင် သင်ကြားပေးသည့်ဘာသာရပ်များတူညီနေပါက သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများတူညီစေရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဂ ) သင်ကြားမည့်ဘာသာရပ်နှင့်ပတ်သက်၍ ရှိသင့်ရှိထိုက်သည့် စံသတ်မှတ်ချက်များကို လျှော့ပေါ့ခေါ်ဆို သင်ကြားခြင်းမပြုရန်၊ (ဥပမာ - ပညာအရည်အချင်းသတ်မှတ်ချက်၊ သင်တန်းကာလ၊ သင်ရိုးညွှန်းတမ်းများ)

(ဃ) ရန်သူ့ကြောင့် မသန်မစွမ်းဖြစ်မှု EA(1)၊ EA(2) နှင့် NEA ဖြစ်ခဲ့သည့် အမြဲတမ်းစစ်မှုထမ်းနှင့် ပြည်သူ့စစ်မှုထမ်းများအား ဆေးကုသမှုခံယူပြီး သင်တန်းတက်ရောက်နိုင်သည့် ကျန်းမာရေးအခြေအနေရှိလာသည့်အခါ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အသက်မွေးမှုအတတ်ပညာသင်စခန်းများတွင် တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

( င ) သင်တန်းဆင်းပြီးချိန်တွင် အလုပ်အကိုင်ရရှိစေရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ကာလတိုသင်တန်းများအတွက် ကြိုတင်ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( စ ) သင်တန်းများကို အသိအမှတ်ပြုလက်မှတ်ရရုံမဟုတ်ဘဲ အမှန်တကယ်လုပ်ငန်းခွင်တွင် အသုံးချနိုင်သည်အထိ အဆင့်မီစွာသင်ကြားလေ့ကျင့်ပေးရန်၊

(ဆ) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးရန်နှင့် အထူးပြုဘာသာရပ်ကို တိကျစွာဖော်ပြပေးရန်။

## အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၂၆)

## ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
အလုပ်သမားဝန်ကြီးဌာန

( ခ ) ညွှန်ကြားရေးမှူး ဒုတိယဥက္ကဋ္ဌ
ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

( ဂ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

( ဇ ) အတွင်းရေးမှူး အဖွဲ့ဝင်
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ဈ ) အဆင့်မြင့်အရာထမ်းတစ်ဦး အဖွဲ့ဝင်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ)

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အလုပ်သမားဝန်ကြီးဌာန

၂။ ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့်အလုပ်များတွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက ခန့်အပ်နိုင်ရေး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ခ ) အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို တက်ရောက်သင်ကြားလျက်ရှိသည့် အမြဲတမ်းစစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများ၊ ရန်သူ့ကြောင့် မသန်မစွမ်းဖြစ်မှု EA(1)၊ EA(2)နှင့် NEA များကို သင်တန်းဆင်းချိန်တွင် ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဂ ) ကာလတိုသင်တန်းများအတွက် လုပ်ငန်းကော်မတီအချင်းချင်း ကြိုတင်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဃ) အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများ နုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှုခံယူလိုသူများအား ၎င်းတို့အရည်အချင်းနှင့်ကိုက်ညီပြီး ဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသက်မွေးသင်တန်းများတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

( င ) အဆိုပါ ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား တက်ရောက်အောင်မြင်ခဲ့သည့် အသက်မွေးသင်တန်းကျောင်းများမှ အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

( စ ) အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများ နုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှုခံယူလိုသူများကို အလုပ်အကိုင်လျှောက်ထားရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားတင်ပြစေပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ပြည်တွင်းအလုပ်သမားမှတ်ပုံတင်ကတ်ပြားများကို စိစစ်ထုတ်ပေးရန်၊

(ဆ) တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်မှုမထမ်းဆောင်ကာလက ထမ်းဆောင်ခဲ့သောအလုပ်အကိုင်၊ လုပ်ငန်းနေရာများကို ၎င်းတို့ဆန္ဒအလျောက် ပြန်လည်လုပ်ကိုင်လိုပါက ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။

ဗိုလ်ချုပ်ကြီး ထွန်းအောင်
ဥက္ကဋ္ဌ
စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၃၉၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူ အကျိုးငှာ **လမ်းဦးစီးဌာန** မှ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းအသစ် တည်ဆောက်ရေး စီမံကိန်းတွင် လေယာဉ်ကွင်းအဝင်လမ်းမြေနှင့် ကျေးရွာအစားထိုးမြေနေရာအဖြစ် အသုံးပြုရန်အလို့ငှာ **ဆောက်လုပ်ရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

မြေတည်ရှိရာဒေသ

| ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မွန် | မုဒုံ | တော်ကူး ကျေးရွာအုပ်စု | ၈၆၈/ကွမ်တေးမြောက်ကွင်း | ၁၂ ခု | ၁၀.၄၄ |
| | | | ၈၆၇/ကွမ်တေးအနောက်ကွင်း | ၇ ခု | ၁၀.၃၀ |
| | | ကျိုက်ရွဲကျေးရွာ အုပ်စု | ၈၄၉က/ကျိုက်ရွဲအနောက်ကွင်း | ၁၈ ခု | ၂၆.၁၅ |
| | | ညောင်ကုန်း ကျေးရွာအုပ်စု | ၈၄၉က/ပိုင်ကမာရွာသစ်ကွင်း | ၇ ခု | ၃.၁၆ |
| | | | ၈၄၉က/ပိုင်ကမာရွာသစ်ကွင်း | ၈ ခု | ၅.၀၂ |
| | | | ၈၄၉က/ပိုင်ကမာရွာသစ်ကွင်း | ၄ ခု | ၁.၂၈ |
| | | | ၈၄၉က/ပိုင်ကမာရွာသစ်ကွင်း | ၂၅ ခု | ၁၄.၃၇ |
| **စုစုပေါင်း** | | **ကျေးရွာအုပ်စု ၃ ခု** | **ကွင်းပေါင်း ၄ ခု** | **၈၁ ခု** | **၇၀.၇၂** |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃၊ အပိုဒ်ခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အထက်ဖော်ပြပါမြေများကို အများပြည်သူ အကျိုးငှာ နိုင်ငံတကာအဆင့်မီအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းအသစ် တည်ဆောက်ရေးစီမံကိန်းတွင် လေယာဉ်ကွင်းအဝင်လမ်းမြေနှင့် ကျေးရွာအစားထိုးမြေနေရာအဖြစ် အသုံးပြုရန် ဆောက်လုပ်ရေးဝန်ကြီး ဌာနက အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ မြေဧရိယာနှင့် ဦးပိုင်အမှတ်များကို နောက်ဆက်တွဲပါအတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - မော်လမြိုင်-သံဖြူဇရပ်ကားလမ်းမကြီး

အနောက်လားသော် - တော်ကူးကျေးရွာလယ်မြေများ

တောင်လားသော် - ကျိုက်ရွဲကျေးရွာလယ်မြေများ

မြောက်လားသော် - ညောင်ကုန်းကျေးရွာလယ်မြေများ

စာရင်းတွင်ဖော်ပြပါမြေကွက်များနှင့်ဧရိယာများသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အသုံးပြုသောမြေပုံအရဖြစ်ပြီး ယင်းမြေပုံကို မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် နိုင်ငံတကာအဆင့်မီအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းအသစ်တည်ဆောက်ရေးစီမံကိန်းတွင် လေယာဉ်ကွင်းအဝင်လမ်းမြေနှင့် ကျေးရွာအစားထိုးမြေနေရာအဖြစ်အသုံးပြုရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ်တော်အရာရှိအားညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

**နောက်ဆက်တွဲ**

**သိမ်းဆည်းသည့် မြေနေရာအတွင်းပါဝင်သည့် ကွင်းအမှတ်နှင့် ဦးပိုင်များ အမည်စာရင်း**

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်းအမှတ်နှင့် အမည် | မြေကွက်/ဦးပိုင် အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| ၁ | မုဒုံ | တော်ကူး | ၈၆၈/ ကွမ်တေးမြောက်ကွင်း | ၂$^{ခ}$ | ၀.၁၂ |
| | | | | ၃$^{ခ}$/၁ | ၀.၀၃ |
| | | | | ၃$^{ခ}$/၂ | ၁.၇၈ |
| | | | | ၃$^{ဃ}$/၁ | ၀.၀၈ |
| | | | | ၃$^{ဃ}$/၂ | ၂.၁၆ |
| | | | | ၃$^{င}$/၁ | ၁.၄၀ |
| | | | | ၃$^{င}$/၂ | ၀.၉၀ |
| | | | | ၃$^{စ}$/၁ | ၀.၁၈ |
| | | | | ၃$^{စ}$/၂ | ၁.၂၈ |
| | | | | ၃$^{ဆ}$/၁ | ၁.၂၁ |
| | | | | ၄$^{က}$/၁ | ၁.၁၀ |
| | | | | ၄$^{က}$/၂ | ၀.၂၀ |
| | | **ပေါင်း** | | **၁၂** | **၁၀.၄၄** |
| ၂ | မုဒုံ | တော်ကူး | ၈၆၇/ ကွမ်တေးအနောက် | ၁၁/၁ | ၄.၁၀ |
| | | | | ၁၁/၂ | ၀.၁၀ |
| | | | | ၁၁/၃ | ၂.၆၂ |
| | | | | ၁၁/၄ | ၂.၈၀ |
| | | | | ၁၂$^{ဃ}$/၁ | ၀.၂၄ |
| | | | | ၁၅$^{က}$/၁ | ၀.၁၄ |
| | | | | ၁၅$^{ခ}$/၁ | ၀.၃၀ |
| | | **ပေါင်း** | | **၇** | **၁၀.၃၀** |

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်းအမှတ်နှင့် အမည် | မြေကွက်/ဦးပိုင် အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| ၃ | မုဒုံ | ကျိုက်ရွဲ | ၈၄၉၇/ ကျိုက်ရွဲအနောက်ကွင်း | ၁၇/၁ | ၁.၁၄ |
| | | | | ၁၇/၂ | ၂.၄၆ |
| | | | | ၁၈/၁ | ၁.၀၉ |
| | | | | ၂၁/၁ | ၁.၃၀ |
| | | | | ၂၁/၃ | ၄.၃၈ |
| | | | | ၄၅/၁ | ၂.၀၉ |
| | | | | ၄၅/၂ | ၃.၀၆ |
| | | | | ၄၅/၃ | ၀.၇၅ |
| | | | | ၄၅/၄ | ၀.၁၄ |
| | | | | ၄၉/၁ | ၂.၅၄ |
| | | | | ၄၉/၃ | ၀.၈၇ |
| | | | | ၄၉/၅ | ၀.၃၈ |
| | | | | ၄၉/၆ | ၀.၆၀ |
| | | | | ၅၀ | ၀.၄၆ |
| | | | | ၅၁/၁ | ၀.၂၅ |
| | | | | ၅၁/၂ | ၃.၂၂ |
| | | | | ၅၈/၂ | ၀.၈၇ |
| | | | | ၅၈/၄ | ၀.၅၆ |
| | | **ပေါင်း** | | **၁၈** | **၂၆.၁၅** |
| ၄ | မုဒုံ | ညောင်ကုန်း | ၈၄၉၇က/ ပိုင်ကမာရွာသစ်ကွင်း | ၂၁၆/၁ | ၀.၁၁ |
| | | | | ၂၁၆/၃ | ၀.၀၆ |
| | | | | ၂၁၇/၁ | ၁.၀၂ |
| | | | | ၂၁၈/၁ | ၀.၆၂ |
| | | | | ၂၁၈/၂ | ၀.၂၄ |
| | | | | ၂၁၉/၁ | ၀.၃၅ |
| | | | | ၂၄၁/၁ | ၀.၇၆ |
| | | **ပေါင်း** | | **၇** | **၃.၁၆** |
| ၅ | မုဒုံ | ညောင်ကုန်း | ၈၄၉၇က/ ပိုင်ကမာရွာသစ်ကွင်း | ၂၁၆/၁ | ၁.၆၇ |
| | | | | ၂၁၆/၂ | ၀.၅၆ |
| | | | | ၂၁၆/၃ | ၀.၀၇ |
| | | | | ၂၁၉/၁ | ၀.၀၄ |
| | | | | ၂၁၉/၂ | ၀.၀၆ |
| | | | | ၂၄၁/၁ | ၁.၅၂ |
| | | | | ၂၄၁/၂ | ၀.၄၈ |
| | | | | ၂၄၂/၁ | ၀.၆၂ |
| | | **ပေါင်း** | | **၈** | **၅.၀၂** |
| | **စုစုပေါင်းလယ်မြေ** | | | | **၅၅.၀၇** |

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်းအမှတ်နှင့် အမည် | မြေကွက်/ဦးပိုင် အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| ၆ | မုဒုံ | ညောင်ကုန်း | ၈၄၉က/ ပိုင်ကမာရွာသစ်ကွင်း | ၂၂၀/၁ | ၀.၄၄ |
| | | | | ၂၂၂/၁ | ၀.၂၈ |
| | | | | ၂၃၃/၂ | ၀.၂၄ |
| | | | | ၂၃၄/၃ | ၀.၃၂ |
| | | ပေါင်း | | ၄ | ၁.၂၈ |
| ၇ | မုဒုံ | ညောင်ကုန်း | ၈၄၉က/ ပိုင်ကမာရွာသစ်ကွင်း | ၁၈၇/၁ | ၀.၀၁ |
| | | | | ၂၁၁/၁ | ၀.၆၂ |
| | | | | ၂၁၃/၁ | ၀.၀၁ |
| | | | | ၂၁၄/၁ | ၀.၄၅ |
| | | | | ၂၁၅/၁ | ၀.၃၀ |
| | | | | ၂၇၄/၁ | ၀.၁၄ |
| | | | | ၂၇၅/၁ | ၁.၄၄ |
| | | | | ၂၇၆/၁ | ၁.၄၂ |
| | | | | ၂၇၇/၁ | ၀.၇၆ |
| | | | | ၂၇၈/၁ | ၀.၇၀ |
| | | | | ၂၇၉/၁ | ၁.၀၆ |
| | | | | ၂၈၀/၁ | ၀.၅၀ |
| | | | | ၂၈၁/၂ | ၀.၅၅ |
| | | | | ၂၈၂/၁ | ၀.၅၀ |
| | | | | ၂၈၃/၁ | ၀.၁၇ |
| | | | | ၂၈၃/၂ | ၀.၁၇ |
| | | | | ၂၈၃/၃ | ၀.၁၈ |
| | | | | ၂၈၅/၁ | ၀.၅၅ |
| | | | | ၂၈၆/၁ | ၀.၇၀ |
| | | | | ၂၈၇/၁ | ၀.၇၆ |
| | | | | ၂၈၈/၁ | ၀.၈၀ |
| | | | | ၂၈၉/၁ | ၀.၈၀ |
| | | | | ၂၉၀/၁ | ၀.၈၂ |
| | | | | ၂၉၁/၁ | ၀.၆၂ |
| | | | | ၂၉၂/၁ | ၀.၃၄ |
| | | ပေါင်း | | ၂၅ | ၁၄.၃၇ |
| | စုစုပေါင်းဥယျာဉ်မြေ | | | | ၁၅.၆၅ |
| | စုစုပေါင်း | | | ၈၁ | ၇၀.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်)

**မြန်မာ့စီးပွားရေးဘဏ်၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့စီးပွားရေးဘဏ်၊ ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ<br>စီမံခန့်ခွဲရေးဌာနခွဲ<br>သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေမန်နေဂျာ<br>စာရင်းဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | အထွေထွေမန်နေဂျာ<br>ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (င) | အထွေထွေမန်နေဂျာ<br>ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (စ) | အထွေထွေမန်နေဂျာ<br>ဘဏ်တွင်းစာရင်းစစ်ဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |

( ၄ ) ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် — အဖွဲ့ဝင်

( ၃ ) ဒုတိယအထွေထွေမန်နေဂျာ
စာရင်းဌာနခွဲ
မြန်မာ့စီးပွားရေးဘဏ် — အတွင်းရေးမှူး

၂။ မြန်မာ့စီးပွားရေးဘဏ်၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်၏ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ ဆုံးဖြတ်ခြင်း၊ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ လချုပ်၊ နှစ်ချုပ်ရှင်းတမ်းများ အတည်ပြုခြင်း၊ ထုတ်ချေးသည့် ချေးငွေများ အတည်ပြုခြင်း၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်မှုပြုနိုင်ရန် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ (ဂ) ပါ လုပ်ငန်းတာဝန်များဖြစ်သည့်–

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ် ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့် ကျွမ်းကျင်မှုစံများ မြှင့်တင်ပေးမည့်အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ ဥပဒေနှင့် ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ လိုက်နာမှုကို သေချာစေခြင်းတို့ကို စနစ်တကျကျင့်သုံးဆောင်ရွက်မှုပြုနိုင်ရန် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်ကော်မတီ၊ စာရင်းစစ်ကော်မတီ၊ Compliance ကော်မတီတို့၏ လစဉ်သုံးသပ်ချက်အစီရင်ခံစာများ အတည်ပြုခြင်း။

၃။ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၂၆)

### ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးရေးဘဏ် (Shanghai Cooperation Organization Development Bank – SCO Devbank) တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ (SCO Working Committee) ဖွဲ့စည်းခြင်း

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးရေးဘဏ် (SCO Devbank) တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ (SCO Working Committee) ကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး–၁
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ခ ) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် — အဖွဲ့ဝင်

( ဂ ) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

( င ) ညွှန်ကြားရေးမှူးချုပ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန — အဖွဲ့ဝင်

( စ ) ညွှန်ကြားရေးမှူး အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

( ဇ ) ညွှန်ကြားရေးမှူး မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

( ဈ ) ညွှန်ကြားရေးမှူးချုပ် ငွေတိုက်ဦးစီးဌာန — အတွင်းရေးမှူး

၂။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ (SCO Working Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ပူးပေါင်းပြီး မြန်မာနိုင်ငံအနေဖြင့် အမြဲတမ်းအဖွဲ့ဝင်နှင့် တည်ထောင်သူအဖွဲ့ဝင် (Prospective Founding Member) အဆင့်ရရှိအောင် ဆွေးနွေးခြင်း၊

( ခ ) SCO Devbank ၏ စံနှုန်းနှင့်မူဝါဒများသည် မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်သုံးသပ်ခြင်း၊

( ဂ ) ဘဏ္ဍာရေးနှင့် အရင်းအနှီးထည့်ဝင်မှု၊ မဲပေးပိုင်ခွင့်များအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ထည့်ဝင်သူ (Contributor) အနေဖြင့်လည်းကောင်း၊ အကျိုးခံစားခွင့်ရှိသူ (Beneficiary) အနေဖြင့်လည်းကောင်း ဟန်ချက်ညီအောင်ဆောင်ရွက်ခြင်း၊

( င ) မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးတွက်ချက်ခြင်း၊ အရစ်ကျပေးသွင်းမည့် အစီအစဉ်ရေးဆွဲခြင်း၊ ပြန်လည်ရရှိမည့် အခြေခံအဆောက်အအုံချေးငွေများ၏ အချိုးအစားကို တွက်ချက်တင်ပြခြင်း၊

( စ ) Prospective Founding Members နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက နိုင်ငံအချင်းချင်းနားလည်မှုစာချွန်လွှာ (intergovernmental Memorandum of Understanding – MoU) ကို ချုပ်ဆိုနိုင်ရေးအတွက် လိုအပ်သည်များ စိစစ်ဆောင်ရွက်ခြင်း၊

(ဆ) ဘဏ်တည်ထောင်မှုဆိုင်ရာသဘောတူညီချက် (Article of Agreement) ကို လွှတ်တော်တွင် အတည်ပြုချက်ရရှိအောင် တင်ပြခြင်း၊

( ဇ ) ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်း (Project Pipeline) ရေးဆွဲခြင်း၊

( ဈ ) လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက Sub Working Group များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။　၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေးဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေမန်နေဂျာ (FI ဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယအထွေထွေမန်နေဂျာ (ပြည်တွင်းဘဏ်လုပ်ငန်းဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဈ) | ဒုတိယအထွေထွေမန်နေဂျာ (ချေးငွေဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ည) | ဒုတိယအထွေထွေမန်နေဂျာ (နိုင်ငံခြားငွေစာရင်းဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဋ) | ဒုတိယအထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေးဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အတွင်းရေးမှူး |

၂။　မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က)　ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်အပေါ် ဘဏ်က အကောင်အထည်ဖော်နိုင်မှုအခြေအနေ သုံးသပ်ခြင်း၊

(ခ)　ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ဂ) ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အပ်ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ချေးခြင်းများကို ကြီးကြပ်ခြင်း၊

(င) ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာအချိုးများအား စိစစ်သုံးသပ်ခြင်း၊

(စ) လုပ်ငန်းဆောင်ရွက်မှုများအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဂ) ပါ လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း။

၃။ ဒါရိုက်တာအဖွဲ့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) ပါ ကော်မတီများ၊ ဆပ်ကော်မတီများကိုဖွဲ့စည်းနိုင်ပြီး ယင်းတို့၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်နိုင်သည်။

၄။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအား အနည်းဆုံး တစ်လ တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူနိုင်သည်။

၅။ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/ ၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၅၉၆/ တမ-၂/ ၁၀၄/ ၂/၂၀၂၆ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လောလ်လောမ်ဇွာအီး အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ရန်၊

(ခ) ဌာနအလိုက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြဿနာများကို ဆန်းစစ်လေ့လာစိစစ်ဖော်ထုတ်ရန်၊

(ဂ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ စနစ်တကျကိုင်တွယ်ဖြေရှင်းရန်၊

(ဃ) အဂတိလိုက်စားမှုနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မှုကို သတင်းထုတ်ပြန်ရန်၊

(င) အဂတိလိုက်စားမှုနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးထံသို့ အစီရင်ခံတင်ပြရန်၊

(ဆ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှပေးအပ်သော အခြားတာဝန်များကိုဆောင်ရွက်ရန်။

၃။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်)

အမှတ် ၇၉။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၂၃/၂၀၂၆ ဖြင့် ရှေ့ဝတီတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးချက်အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လွင် (ဋ/၂၃၄၀) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၅ ဖြင့် ထုတ်ပြန်ခဲ့သောစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဦးခင်မောင်လွင် အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ်၊ စဘ-၁/ ၃၁(၇၆၃/၈၆) အရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် ၂၃ ရက်အတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ထုတ်ယူခွင့်ပြုလိုက်သည်။

အမှတ် ၈၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၃၀/၂၀၂၆ ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်ခန့်အပ်တာဝန်ပေးချက်အရ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆွေဆွေအောင် (ဋ/၂၁၈၂) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၁ ဖြင့် ထုတ်ပြန်ခဲ့သောစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ဆွေဆွေအောင် အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ်၊ စဘ-၁/ ၃၁(၇၆၃/၈၆) အရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် ၁ လ နှင့် ၁၈ ရက်အတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ထုတ်ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**ရုံးတွင်းအမိန့်**

အမှတ် ၂၉။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြစ်ကြီးနားတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိုးမိုးလွင် အား အဆိုပါတက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာ မြတ်ဝဏ္ဏစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါက်တာ ရဲမင်းထွေး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးဝင်းနိုင်<br>လက်ထောက်အတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ဝေဖြိုးအောင်<br>လက်ထောက်အတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ မောင်မောင်ငွေးဇော်<br>ညွှန်ကြားရေးမှူး (စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စ) | ဒေါက်တာ ဇင်ဇင်ကျော်<br>ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ကြည်လင်းမြင့်<br>ညွှန်ကြားရေးမှူး (ဝန်ထမ်းရေးရာ)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး)<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ဥမ္မာမြတ်<br>ညွှန်ကြားရေးမှူး(ကုသရေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး (စီမံ)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာ သန္တာလင်း<br>ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာ လေးလေးမြင့်<br>ဒုတိယညွှန်ကြားရေးမှူး (သူနာပြု)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါ်စန္ဒာကြည်<br>ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါ်နီနီခိုင်<br>ဒုတိယညွှန်ကြားရေးမှူး (ကုသရေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ဆင့်ဆင့်အိ<br>ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဒေါက်တာ ယမင်းထူး<br>လက်ထောက်ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ ကျန်းမာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ဦးစီးဌာနအသီးသီးတွင် အဖွဲ့၏လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ငယ်များဖွဲ့စည်းပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဂ) အဂတိလိုက်စားသော ပြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို သိရှိနားလည်ပြီး အဂတိကင်းစင်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

( င ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

( စ ) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(ဆ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ခြင်း ဆောင်ရွက်ရာတွင် အဂတိလိုက်စား နိုင်ခြေရှိမှုများကို ဆန်းစစ်လေ့လာဆောင်ရွက်ရန်။

၃။ ယခင်ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ဖွဲ့စည်း ခြင်းကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

## ၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်တို့အတွက် နှစ်စဉ်ချီးမြှင့်လျက်ရှိသော အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ** ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၆) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒေါက်တာ ထွန်းတင့် — ဥက္ကဋ္ဌ
စာပေပညာရှင်

( ခ ) ဦးစိန်လှိုင် (သုရဇော်) — ဒုတိယဥက္ကဋ္ဌ (၁)
စာရေးဆရာ

( ဂ ) ဦးသန်းညွန့် (ဇင်မင်း–သမိန်ထော) — ဒုတိယဥက္ကဋ္ဌ (၂)
စာရေးဆရာ

(ဃ) ဦးကြည်စိုးထွန်း (ကြည်စိုးထွန်း) — အဖွဲ့ဝင်
စာရေးဆရာ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

( င ) ဒေါက်တာ ခင်ဆွေမြင့် (ဆွေယင်းမာ) — အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

| | | |
|---|---|---|
| (စ) | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)<br>ကဗျာဆရာ<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| (ဆ) | ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်)<br>စာရေးဆရာ<br>အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်လှိုင် (မောင်ဆွေငယ်)<br>စာရေးဆရာ<br>စာတည်းမှူးချုပ် (ငြိမ်း) | အဖွဲ့ဝင် |
| (ဈ) | ဦးမောင်မောင်ဦး (ဟိန်းလတ်)<br>ဘာသာပြန်စာရေးဆရာ | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်အေး (KMA)<br>ဘာသာပြန်အယ်ဒီတာ | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာ တင်ထွန်းဦး<br>ဆရာဝန်စာရေးဆရာ (ထုတ်ဝေသူ) | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်မင်းဦး (ဇော်မင်းမင်းဦး)<br>ကဗျာဆရာ<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခ ကိုကိုအောင် (သိပ္ပံစာရေးဆရာ ကိုကိုအောင်)<br>သိပ္ပံစာရေးဆရာ | အဖွဲ့ဝင် |
| (ဎ) | ဦးမျိုးထွန်း (မောင်စိမ်းနောင်- လယ်ဝေး)<br>ကဗျာဆရာ<br>ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာ မြင့်သန်း (သန္တေသား)<br>စာရေးဆရာ | အဖွဲ့ဝင် |
| (တ) | ဒေါက်တာ နေဇင်လတ်<br>စာရေးဆရာ | အဖွဲ့ဝင် |
| (ထ) | ဒေါက်တာ တင်မောင်ထွေး (ဒေါက်ထွေး-ဆေး/မန်း)<br>ဆရာဝန်စာရေးဆရာ | အဖွဲ့ဝင် |
| (ဒ) | ဒေါက်တာ မြင့်သန်း (ဒေါက်တာ မြင့်သန်း-ညောင်လေးပင်)<br>ဆရာဝန်စာရေးဆရာ | အဖွဲ့ဝင် |
| (ဓ) | ဦးရွှေသိဏ်း (မောင်ခြိမ့်)<br>စာရေးဆရာ | အဖွဲ့ဝင် |
| (န) | ဦးတိုးကျော်<br>စာတည်းမှူးချုပ်၊ စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အတွင်းရေးမှူး |

ထိန်လင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂၀/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တင်ဒါကော်မတီဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ညွှန်ကြားချက်အမှတ် ၁/၂၀၂၆ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်းကြီးကြပ်ဆောင်ရွက်နိုင်ရန် **ဝန်ကြီးဌာနတင်ဒါကော်မတီ** အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးဗိုလ်ဗိုလ်ကျော်<br>ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ဆွေလင်း<br>အမြဲတမ်းအတွင်းဝန် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသူရစိုး<br>ခေတ္တညွှန်ကြားရေးမှူးချုပ် | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးခင်ဇော်<br>ညွှန်ကြားရေးမှူးချုပ် | ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ ဝင်းထွဋ်<br>ညွှန်ကြားရေးမှူးချုပ် | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်ထွန်းအေး<br>ညွှန်ကြားရေးမှူးချုပ် | စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ တိုးမင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ် | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးလှထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များဖြစ်သည့် ၁/၂၀၁၇၊ ၂/၂၀၁၈၊ ၃/၂၀၁၈၊ ၇/၂၀၂၀ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁/၂၀၂၀၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက် ၁/၂၀၂၂၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ညွှန်ကြားချက် ၁/၂၀၂၆ နှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်ရမည်၊

( ခ ) ကျပ်သန်း (၁၀၀) အောက်ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ်သန်း (၁၀၀) အထက်ဝယ်ယူခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဂ ) ကျပ် (၂၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသောတင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ **တင်ဒါကော်မတီ** အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခု အား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်၊

(ဃ) ကျပ် (၂၀) သန်းမှ ကျပ် သန်း (၂၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

( င ) ကျပ်သန်း (၂၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( စ ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် (၂၀) သန်းအောက်ဖြစ်ပါက **တင်ဒါကော်မတီ** မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကိုတိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဆ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် (၂၀) သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြေညာ၍ Website တွင် (၁၄) ရက် ကြိုတင်ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဇ ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ အပိုဒ် (၁၉)၊ အပိုဒ် (၂၀) ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဈ ) ဌာနပိုင်ပုံသေပိုင်ပစ္စည်း ငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် ၃/၂၀၁၈" ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့်နေ့ရက်မှစ၍ (၂) လထက် မပိုစေရန်နှင့် ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက် တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်၊

( ဋ ) ဆောင်ရွက်မည့် စီမံကိန်းပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်၊

( ဌ ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်၊

( ၃ ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ၈ ) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ(ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဈ) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဏ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေရက် သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ထ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဒ ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဓ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( န ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ပ ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေး အစီအစဉ်ရေးဆွဲ အတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဖ ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဗ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဘ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

( မ ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ယ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်များမှ အပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ရ ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး ဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စိစစ်ရမည်၊

(လ) ပြည်ပမှဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ်မရှိခြင်းတို့အတွက် ပြည်ပမှဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂၊ အပိုဒ် ၃ ပါ တင်ဒါနည်းလမ်းများကိုအသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဝ ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန် စိစစ်ကြပ်မတ်ရမည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ) ၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးသိန်းနိုင်ကြွယ်<br>ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးညွန့်ဝေ<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဦးမြင့်စိုး<br>ညွှန်ကြားရေးမှူး<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးသန်းခိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မြေတိုင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ တင်အောင်ဝင်း<br>ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာကဏ္ဍ) ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးစည်သူပိုင်ဟိန်း<br>ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၂) | ဦးမိုးကျော်သူ<br>ဒုတိယအထွေထွေမန်နေဂျာ (စီမံ)<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဦးထွန်းထွန်းဇော်<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဦးတင်ဝင်းကို<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ဦးသိန်းဝင်း<br>ဒုတိယအထွေထွေမန်နေဂျာ (ဖြည့်ထိန်း)<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အတွင်းရေးမှူး |

၂။ အဆိုပါ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်ရာတွင် ပါဝင်မည့်သူများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလကို သတ်မှတ်ရန်၊

(ဂ) ဌာနအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် နယ်ပယ်များကို ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန်၊

(ဃ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာန/လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ လိုအပ်သလို ဖွဲ့စည်း ဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ သိရှိလိုက်နာကြစေရန်အတွက် အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(စ) ဌာနအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးမှုများအတွက် ဌာနတွင်း သတင်းပို့စနစ်တစ်ရပ် ထူထောင်ရန်၊

(ဆ) တိုင်ကြားစာများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ဆောင်ရွက်ရန်၊

(ဇ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်၊

(ဈ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးစီမံချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ် အကဲဖြတ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးတက်မှုအခြေအနေများကို လစဉ် အစီရင်ခံ တင်ပြရန်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဆန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**စီမံကိန်းကြီးကြပ်မှုကော်မတီ (Project Executing Agency–PEA) ဖွဲ့စည်းခြင်း**

၁။ (ယခင်)နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်အရ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတို့အား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းကြီးကြပ်မှုကော်မတီ (Project Executing Agency–PEA) ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (၁)<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး (၂)<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဌာနကြီးမှူး<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာစီးပွားရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | နာယက<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အဆိုပါကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်းပါလုပ်ငန်းအဆင့်ဆင့်အတွက် ဆက်စပ်အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးရန် အခွင့်အာဏာရှိစေသော အထောက်အထား၊ ခွင့်ပြုချက်၊ စာချုပ်စာတမ်းကဲ့သို့သော Project Charter ကိုရရှိ၍ ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းလုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်ပတ်သက်မည့် ဆက်စပ်အဖွဲ့အစည်းများ (Stake holders) ကို ဖော်ထုတ်၍ ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲပေးရန်၊

(ဂ) မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ ချမှတ်ပေးရန်၊

(ဃ) ဖြစ်နိုင်ခြေရှိသည့် မဟာဗျူဟာများကို ချမှတ်ပေးရန်၊

(င) စီမံကိန်းအား ဆောင်ရွက်သင့်သည့် အခြေခံအကြောင်းအရင်း ခိုင်လုံသေချာမှုရှိရေး ဆောင်ရွက်ပေးရန်၊

(စ) ဖြစ်နိုင်ခြေကြိုတင်လေ့လာမှုအတွက် အချက်အလက်များကောက်ယူခြင်း၊ သုံးသပ်ခြင်းဖြင့် စီမံကိန်းကို ဆောင်ရွက်သင့်ကြောင်း သေချာမှုပေးရန်၊

(ဆ) လက်ငင်း၊ ကာလတို၊ ကာလရှည်တို့တွင် အကျိုးဖြစ်ထွန်းနိုင်သည့် အတိုင်းအတာပမာဏနှင့် အခြေအနေများကို ဖော်ထုတ်ပေးရန်၊

(ဇ) ချေးငွေ/ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းအတွက် စည်းနှောင်မှုရှိသော အကူအညီ သို့မဟုတ် တစ်စိတ်တစ်ပိုင်းစည်းနှောင်မှုရှိသော အကူအညီ ဖြစ်သည်ကို အလေးထားဖော်ထုတ်ပေးရန်၊

(ဈ) စီမံကိန်းအား စောင့်ကြည့်ကြီးကြပ်ရမည့် တာဝန်ယူအကောင်အထည်ဖော်ရမည့် Agency များနှင့် Unit များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်သတ်မှတ်ပေးရန်၊ Agency နှင့် Unit များ၏ လုပ်ဆောင်ချက်များသည် မဟာဗျူဟာရည်မှန်းချက်နှင့် ကိုက်ညီမှု ရှိ မရှိ ကို အစဉ်ဆန်းစစ်ပေးရန်၊

(ည) သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ Fesibility Study Report ပြုစုတင်ပြ၍ သက်ဆိုင်ရာ၏ ခွင့်ပြုချက်ကို ရယူပေးရန်၊

(ဋ) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စိစစ်အကဲဖြတ်ခြင်းဖြစ်သော အကောင်အထည်ဖော်သည့် အဖွဲ့အစည်းရှုထောင့်မှ စီမံကိန်း၏ အကျိုးအမြတ်ရရှိမှု၊ ငွေကြေးအရ အကျိုးအမြတ်ရရှိမှုနှင့် စဉ်ဆက်မပြတ်ရပ်တည်ရရှိနိုင်မှု အခြေအနေများကို ဆန်းစစ်ပေးရန်၊

(ဌ) လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို အကဲဖြတ်ပေးရန်၊

(ဍ) အုပ်ချုပ်မှုပိုင်းကို စီမံခန့်ခွဲပေးရန်၊

(ဎ) စီမံကိန်းရလဒ်၊ တန်ဖိုး (Value) များအပေါ် စီမံခန့်ခွဲပေးရန်၊

(ဏ) စွန့်စားဆောင်ရွက်ရန်ရှိသည်များအပေါ် စီမံခန့်ခွဲပေးရန်၊

(တ) Project Management Plan ၏ လိုအပ်ချက်နှင့် အရည်အသွေးတို့ကို ဆန်းစစ် အကဲဖြတ်ပေးရန်၊

(ထ) စီမံကိန်းအကောင်အထည်ဖော်ခြင်းအတွက် သင့်လျော်သော အကြံပြုချက်များ၊ နည်းလမ်းများကို ညွှန်ပြဆုံးဖြတ်ပေးရန်၊

(ဒ) စီမံကိန်းအကောင်အထည်ဖော်မှုနည်းစဉ်များ၊ နည်းလမ်းများနှင့် ရင်းမြစ်များအား ခွဲဝေချမှတ်ပေးခြင်းကို အတည်ပြုပေးရန်၊

(ဓ) PIA ၊ PMU နှင့် PIU အဖွဲ့ဝင်များကို စုစည်းအတည်ပြုသတ်မှတ်၍ တာဝန်ပေးရန်၊

(န) PIA ၊ PMU နှင့် PIU မန်နေဂျာများ ခန့်အပ်တာဝန်ပေးရန်၊

(ပ) PIA ၊ PMU နှင့် PIU မန်နေဂျာများအကြား အကောင်အထည်ဖော် ဆောင်ရွက်မှုများပေါ်တွင် ကျယ်ပြန့်သောအမြင်ဖြင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဖ) စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုအချက်အလက်များကို ပြည့်စုံစွာရယူ၍ တိုးတက်မှု အခြေအနေများကို အထက်အဖွဲ့အစည်းသို့ တင်ပြပေးရန်၊

(ဗ) စီမံကိန်းကို ခွဲခြမ်းစိတ်ဖြာလေ့လာသူ (Analyst) ခန့်အပ်တာဝန်ပေးရန်၊

(ဘ) PIU များအတွက် Steering Committee များကဲ့သို့ Change Control Board အဖြစ် ဆောင်ရွက်ပေးရန်၊

(မ) ဘာသာရပ်ကျွမ်းကျင်သူများ၊ လုပ်ငန်းနှင့်စီးပွားရေးဆိုင်ရာ ဆန်းစစ်သုံးသပ်နိုင်သူ (Analyst) များ၊ လုပ်ငန်းအမျိုးအစားအလိုက် မန်နေဂျာများ၊ မြေပြင်လုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်သူ (Incharges) များကို စုဆောင်းပေးရန်။

၃။ (ယခင်) စက်မှုဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၄ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တင်ဒါကော်မတီဖွဲ့စည်းခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ပစ္စည်းဝယ်ယူခြင်း၊ဝန်ဆောင်မှုရယူခြင်း၊ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၆ တို့တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် **ဝန်ကြီးဌာနတင်ဒါကော်မတီ** အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးမင်းမင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးအောင်သွင်ဦး — ဒုတိယဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(ဂ) ဦးအောင်သွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

(ဃ) ဦးခင်မောင်လှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စားသုံးသူရေးရာဦးစီးဌာန

(င) ဒေါက်တာ မိုးမိုးသွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မူပိုင်ခွင့်ဦးစီးဌာန

(စ) ဒေါက်တာ ထိန်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

(ဆ) ဦးတင်ထွန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ
ကုန်သွယ်ရေးဦးစီးဌာန

(ဇ) ဦးမြင့်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ
စားသုံးသူရေးရာဦးစီးဌာန

(ဈ) ဦးနေအောင်မျိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ
မူပိုင်ခွင့်ဦးစီးဌာန

(ည) ဒေါက်တာ သက်လွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

(ဋ) ဦးအောင်မင်းသိုက် — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ဦးသက်နိုင် — တွဲဖက်အတွင်းရေးမှူး (၁)
လက်ထောက်အတွင်းဝန်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

(ဍ) ဦးဆန်းမြင့် — တွဲဖက်အတွင်းရေးမှူး (၂)
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ
စားသုံးသူရေးရာဦးစီးဌာန

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များဖြစ်သည့် ၁/၂၀၁၇၊ ၂/၂၀၁၈၊ ၃/၂၀၁၈၊ ၇/၂၀၂၀ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁/၂၀၂၀၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက် ၁/၂၀၂၂၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ညွှန်ကြားချက် ၁/၂၀၂၆ နှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်ရမည်၊

(ခ) ကျပ်သန်း (၁၀၀) အောက်ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ်သန်း(၁၀၀) အထက်ဝယ်ယူခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဂ) ကျပ် (၂၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ **တင်ဒါကော်မတီ** အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်၊

(ဃ) ကျပ် (၂၀) သန်းမှ ကျပ်သန်း(၂၀၀)အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

(င) ကျပ်သန်း (၂၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(စ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် ၂၀ သန်းအောက်ဖြစ်ပါက **တင်ဒါကော်မတီ** မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဆ) ရောင်းချမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာ ငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် (၂၀) သန်းနှင့် အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြေညာ၍ Website တွင် (၁၄) ရက် ကြိုတင်ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဇ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ အပိုဒ် (၁၉)၊ အပိုဒ် (၂၀) ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဈ) ဌာနပိုင်ပုံသေပိုင်ပစ္စည်း ငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ “နိုင်ငံပိုင် မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက်အမှတ် ၃/၂၀၁၈” ကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၂)လ ထက်မပိုစေရန်နှင့် ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက်တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်၊

(ဋ) ဆောင်ရွက်မည့် စီမံကိန်းပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်၊

(ဌ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်၊

(ဍ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဎ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်အလက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဏ) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(တ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ထ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဒ ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဓ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( န ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ပ ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့်ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေး အစီအစဉ်ရေးဆွဲ အတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဖ ) တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း၊ တင်ဒါအားငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဗ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူ ထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဘ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

( မ ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ယ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ် များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ရ ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး ဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စစ်ဆေး ရမည်၊

(လ) ပြည်ပမှ ဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင်မရရှိနိုင်ခြင်းနှင့် ပြည်ပမှ ပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ် မရှိခြင်းတို့အတွက် ပြည်ပမှ ဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂၊ အပိုဒ် ၃ ပါ တင်ဒါနည်းလမ်းများကို အသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဝ ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောက်နှေးကြန့်ကြာမှု မရှိဘဲ ဆောင်ရွက်ရန် စိစစ်ကြပ်မတ်ရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်အမှတ် ၄၉/၂၀၂၆ ဖြင့် ဖွဲ့စည်းခဲ့သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူး

အဖြစ် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြင်ပပုဂ္ဂိုလ် ဦးအောင်ကျော်ထွန်း ကို ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

၁။　အားကစားရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း ၂၉၅,၀၀၀/- အဖြစ် ဦးသီဟမိုးဇော် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ပခန (နိုင်) ၄၃၆၄၀၅] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးခန့်ထားလိုက်သည်။

၂။　လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြု လိုက်သည်။

ရဲမြင့်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင် - ၁ (၂) ဦးတို့အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၆) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာန၊ ငွေစာရင်း ဌာနခွဲတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ဘဏ္ဍာရေး) ရာထူးသို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁)　ဒေါ်မေထွန်းဖီ
ဆလက/၄၃၀၆၃

(၂)　ဒေါ်နွယ်နီစိုး
ဆလက/၄၃၀၆၅

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆလက/၄၈၈၇၈၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ - ၁ (စက်မှု) ဦးနေမင်းထိုက် အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၆) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၁၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာဦးစီးဌာနမှ စာရင်းစစ်မှူး ဒေါ်အိသဲဖြူ အား ဒုတိယစာရင်းစစ်ချုပ်၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ကိုယ်ရေးအရာရှိ ခံစားခွင့်ရှိသော အမြင့်ဆုံးလစာနှုန်း ၂၉၅,၀၀၀/- ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ခွင့်ပြုရန်ပုံငွေစာရင်းမှ ထုတ်ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### ညွှန်ကြားရေးမှူးချုပ် ပြောင်းလဲခန့်ထားခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၆ အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေး (၇၃၄၀) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်သက်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါ်မူမူမြင့် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့ အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

တင်မောင်ဝင်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၆)**

ရန်ကုန်မြို့၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါစာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်ပြီး အမည်နှင့်ယှဉ်တွဲပါ ကိုယ်ပိုင်အမှတ်များပေးအပ်၍ ကော်မတီ၏အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | မူလတပ်ရင်း | ပေးအပ်သည့် ကိုယ်ပိုင်အမှတ် |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး ဝင်းကို<br>ကြည်း ၃၀၄၄၃ | အရန်အင်အားစာရင်း<br>တပ်မတော်အရိုးရောဂါအထူးကု<br>ဆေးရုံကြီး (ခုတင် - ၅၀၀) တွဲဖက် | မစ-၂၃၅၅ |
| ၂။ | ဗိုလ်မှူးကြီး အောင်မျိုးသန့်<br>ကြည်း ၃၆၁၄၀ | အရန်အင်အားစာရင်း<br>အမှတ် (၁)၊ တပ်မတော်ဆေးရုံကြီး<br>(ခုတင် - ၁၀၀၀) တွဲဖက် | မစ-၂၃၅၆ |

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၆)**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါစာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အမှတ်(၃၉၁) ခြေမြန်တပ်ရင်းမှ ကြည်း ၄၆၃၇၉ ဗိုလ်မှူး ကျော်သက်နိုင် အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစ၍ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်ပြီး ကိုယ်ပိုင်အမှတ် မစ-၂၃၅၇ ပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်။

မျိုးမြင့်အောင်
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ**

**ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ တို့အရ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီကို အောက်ပါလွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်သင်းသင်းမိုး | မဲဆန္ဒနယ်အမှတ်(၁)၊ ကြည့်မြင်တိုင်မြို့နယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးလှဝင်းမောင် | မဲဆန္ဒနယ်အမှတ်(၄)၊ သာကေတမြို့နယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးနေဝင်း | တွံတေးမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်စုစုမင်း | မဲဆန္ဒနယ်အမှတ်(၃)၊ တွံတေးမြို့နယ် | အဖွဲ့ဝင် |
| ( င ) | ဦးမင်းမင်း | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးဝေယံပိုင် | မဲဆန္ဒနယ်အမှတ်(၄)၊ မင်္ဂလာတောင်ညွန့်မြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးဉာဏ်ထက်ခိုင် | မဲဆန္ဒနယ်အမှတ်(၂)၊ တာမွေမြို့နယ် | အဖွဲ့ဝင် |
| ( ဇ ) | ဗိုလ်မှူး နိုင်ထွန်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဈ ) | ဗိုလ်မှူး ကျော်ကျော် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ည) | ဗိုလ်ကြီး စိုးထက်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးစံကျော် | မဲဆန္ဒနယ်အမှတ်(၁)၊ လှိုင်မြို့နယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီအစည်းအဝေးများ**

၃။ ကော်မတီအစည်းအဝေးများကိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်းကျင်းပရမည်-

(က) ခန့်အပ်ထားသောကော်မတီဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ထက်မနည်းတက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

( ခ ) အပိုဒ်ခွဲ (က) အရတက်ရောက်ရမည့် ကော်မတီဝင်ဦးရေမပြည့်လျှင် ပြည့်သည်အထိကော်မတီဥက္ကဋ္ဌက အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းထားနိုင်သည်။

( ဂ ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီ၏ဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင်များကမိမိတို့ထဲမှ ရွေးကောက်တင်မြှောက်သောကော်မတီဝင်သည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) မဲဆန္ဒယူရာ၌ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အနိုင်မဲပေးရမည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ၊ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာများနှင့် သက်ဆိုင်သူအားလုံးတို့သည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူလိုက်နာဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်းနှင့် ထိန်းသိမ်းကူညီခြင်း ပြုရမည်။ အရေးယူဆောင်ရွက်ရန်ရှိပါက လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရမည်။

( ခ ) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

( ဂ ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်းခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

( င ) ကော်မတီသည် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြို့နယ်အလိုက် ထူးခြားသောအခြေအနေများရှိလျှင် လိုအပ်သောနေရာဒေသများသို့ သွားရောက်လေ့လာ၍ ကော်မတီတွင် အသေးစိတ်ဆွေးနွေးတင်ပြရမည်။

( စ ) ပြည်သူတို့က လွှတ်တော်ကိုအားကိုးစွာဖြင့် တင်ပြလာသော တိုင်ကြားစာနှင့် အသနားခံစာများ၏ မှန်ကန်မှုကို လေ့လာစိစစ်ရမည်။

(ဆ) မှန်ကန်မှုမရှိသော တိုင်ကြားစာများနှင့် အသနားခံစာများအတွက် အကျိုးအကြောင်း ရှင်းလင်းဖော်ပြ၍ ပြန်ကြားရမည်။

( ဇ ) တိုင်ကြားစာနှင့် အသနားခံစာများအနက် ပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သောကိစ္စများကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရမည်။

(ဈ) ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ဖြစ်ပေါ်စေရေးအတွက် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြား အသိပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ရမည်။

(ည) တရားရုံးတစ်ခုခုက ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စများမှအပ မှန်ကန်သော တိုင်ကြားချက်များအတွက် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာများနှင့်ညှိနှိုင်းဖြေရှင်းရန်။

၅။ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီ၏အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ပါ အတိုင်းတင်ပြရမည်-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကိုသဘောတူကြောင်းလက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကိုရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီးအစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာမူကြမ်းကိုကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၁၁ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်က လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

၆။ ကော်မတီကစိစစ်ပေးရန်လိုအပ်သော ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်လိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင်လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

၇။ ကော်မတီသည် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီသက်တမ်းတစ်နှစ်ပြည့်မည့်ကာလနှင့် အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရမည်။

၈။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသောအစီရင်ခံစာများကို လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၉။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကဖြစ်စေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

၁၀။　ကော်မတီသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကိုတာဝန်ခံရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၁။　ကော်မတီဝင်များသည်မိမိကော်မတီ၏လုပ်ငန်းများကိုအသေးစိတ်ဆွေးနွေးစဉ်းစားရာ၌တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်းဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

(က)　ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ)　ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိသည်။

(ဂ)　ကော်မတီသည် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သောအကြောင်းအရာများကိုသိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများတင်ပြစေခြင်းပြုနိုင်သည်။

(ဃ)　ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တိုင်းဒေသကြီးအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

၁၂။　ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် တိုင်းဒေသကြီး အတွင်း လိုအပ်သည့်နေရာများသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သွားရောက်ကွင်းဆင်းကြည့်ရှုနိုင်သည်။ ထိုသို့ကွင်းဆင်းကြည့်ရှုပြီး လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၁၃။　ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(က)　နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ)　ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအရ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ)　လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးနေမှုအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၁၄။　ကော်မတီဝင်များသည်-

(က)　ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ)　လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ)　ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၅။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ၏ အစည်းအဝေးတက်ရောက်ရန်၊ ကော်မတီရုံးစိုက်ရာနေရာတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိ ပါက ဖမ်းဆီးခံရခြင်းနှင့် တရားရုံးတစ်ခုခုတို့ကသက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းတို့မှ ကင်းလွတ်ခွင့် ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏သက်တမ်း**

၁၇။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၁၈။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်းလိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလိုလဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအဖွဲ့ဝင်ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁၉။ ကော်မတီအဖွဲ့ဝင်ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် လွှတ်တော် ဥက္ကဋ္ဌသည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပသည့် ကာလဖြစ်ပါက လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက် နိုင်သည်။

( ခ ) လွှတ်တော်အစည်းအဝေးရပ်နားထားစဉ်ကာလဖြစ်ပါက လိုအပ်သလိုဆောင်ရွက်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

ဌေးအောင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)**

ဘားအံမြို့၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**ကရင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၁၁/၂၀၂၆၊ ၂၂/၂၀၂၆၊ ၂၃/၂၀၂၆ နှင့် ၂၆/၂၀၂၆ တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့အား ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးစောမြင့်ဦး | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ဗိုလ်မှူးကြီး စိုးမိုးဝင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးညီညီဇော် | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး |
| (ဃ) | ဦးစောထွန်းအောင် | လူမှုရေးရာဝန်ကြီး |
| (င) | ဦးစောမျိုးမြင့် | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (စ) | ဦးအောင်လွင် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| (ဆ) | ဦးစယဉ်ဌေး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး |
| (ဇ) | စောခေါင်ပန်ထော့ | စည်ပင်သာယာရေးဝန်ကြီး |
| (ဈ) | ဦးတင်မောင်လှိုင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ည) | ဦးမျိုးမြင့်နိုင် | မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဋ) | ခွန်မြတ်ထူး | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဌ) | ဒေါ်နော်သန်းသန်းငြိမ်း | ပြည်နယ်ဥပဒေချုပ် |
| (ဍ) | ဦးမင်းရွှေ | အတွင်းရေးမှူး (ပြည်နယ်အုပ်ချုပ်ရေးမှူး) |

စောမြင့်ဦး

ပြည်နယ်ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**မွန်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၊ ၂၂၊ ၂၃ နှင့် ၂၆ တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်

ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့အား ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဦးအောင်ဝင်းသန်း | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ဗိုလ်မှူးကြီး ကျော်စွာမြင့် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး |
| (ဃ) | ဦးတင်ဇော်ထွန်း | လူမှုရေးရာဝန်ကြီး |
| (င) | ဦးဇေယျာဦး | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (စ) | ဦးမင်းမြင့်မောင်လေး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| (ဆ) | မိလဝီဟန် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး |
| (ဇ) | Dr. အောင်မြတ်ကျော်စိန် | စည်ပင်သာယာရေးဝန်ကြီး |
| (ဈ) | ဦးမျိုးမင်းလှိုင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ည) | ဦးအောင်ကျော်သိန်း | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဋ) | ဦးချစ်သိန်း | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဌ) | ဒေါ်မိသန္တာမြင့် | ပြည်နယ်ဥပဒေချုပ် |
| (ဍ) | ဦးဉာဏ်လင်းထွေး | အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး |

အောင်ဝင်းသန်း
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

### ကိုယ်ရေးအရာရှိ ခန့်ထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးစီးအရာရှိ ဦးကျော်စွာမျိုးမြင့်၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင် ၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)

### ကိုယ်ရေးအရာရှိ ခန့်ထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်း၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စန္ဒာဦး ၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### ရုံးအမိန့်အမှတ် (၃၀၇/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာအမှတ် ၇၇/၂၀၂၆ ဖြင့် နိုင်ငံတော်သမ္မတရုံး၏ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည့် ဦးမြတ်ထွန်း သည် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်၏ အလုပ် တာဝန်ဝတ္တရားများကို ထမ်းဆောင်ပါသည်။

ခင်လတ်
ဒုတိယဝန်ကြီး

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်)

၁။ အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းကြိုင် အား လစာနှုန်း (၄၁၈,၀၀၀– ၄,၀၀၀–၄၃၈,၀၀၀) ၏ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

စိုးနိုင်ထွန်း
ညွှန်ကြားရေးမှူးချုပ်

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

အမှတ် ၁၀၁/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

စန်းလွင် ကြည်း ၈၂၁၅၂

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၁၄၉/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

(၁) စံဌေး ကြည်း ၈၂၁၅၃

(၂) မြင့်ကြိုင် ကြည်း ၈၂၁၅၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မှွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ဘလောက်ညောင်ဝိုင်းကျေးရွာအုပ်စု၊ ဘလောက်အရှေ့ကွင်း၊ ဘလောက်ကွင်း၊ ကွင်းအမှတ်–၈၆၁ (က)၊ ဦးပိုင်အမှတ် – ၂/၃၊ ၄/၁၊ ၁၁/၁၊ ၁၂/၁၊ ၁၃၊ ၁၄၊ ၁၅/၁၊ ၁၆ တွင် တည်ဆောက်ထားသော Yar Zar Min Industry Co.,Ltd ၏ စက်သုံးဆီတင်/ချဆိပ်ကမ်းတံတားအား ပြည်ပမှ စက်သုံးဆီတင်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ယာယီအပြည်ပြည်ဆိုင်ရာစက်သုံးဆီ ကုန်တင်ကုန်ချဆိပ်ကမ်းနေရာအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့အထိ (၆) လ သတ်မှတ်လိုက်သည်။

**အမိန့်အာဏာ။** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်စွဲပါ စာအမှတ်၊ ဘခ–၃/၄/၁၅ (၁၇၇၈/၂၀၂၆)

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်<br>(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### KTH Ko Than Htike Cars And Accessories Agent Co.,Ltd
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
### ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **KTH Ko Than Htike Cars And Accessories Agent Co.,Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၅-၅-၂၀၂၆ ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, CPA)၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (အေ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၃-၇-၂၀၂၆ ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| ဦးသန်းထိုက်အောင်<br>မန်နေးဂျင်းဒါရိုက်တာ<br>KTH Ko Than Htike Cars And Accessories Agent Co., Ltd<br>၏ ဒါရိုက်တာအဖွဲ့ကိုယ်စား | ဒေါ်ညွန့်မေ<br>B.Com, CPA<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ<br>ဖုန်း−၀၉−၅၁၂၅၉၈၅ |
|---|---|

ပ၊ ထ၊ န − အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ − ၁၂၃၀/ ၁၉-၆-၂၀၂၆။